# ဩကာသဝက်ဆစ်နှင့် ငါးပါးသီလ

## ဩကာသ ကန်တော့ချိုး

***

ဩကာသ . ဩကာသ . ဩကာသ .
ကာယကံ . ဝစီကံ . မနောကံ .
သဗ္ဗဒေါသ . ခပ်သိမ်းသော . အပြစ်တို့ကို .
ပျောက်ပါစေခြင်း . အကျိုးငှာ .

ပထမ . ဒုတိယ . တတိယ .
တစ်ကြိမ် . နှစ်ကြိမ် .
သုံးကြိမ်မြောက်အောင် .

ဘုရားရတနာ . တရားရတနာ .
သံဃာရတနာ . ရတနာသုံးပါးတို့ကို .

အရိုအသေ . အလေးအမြတ် .
လက်အုပ်မိုး၍ . ရှိခိုးပူဇော် .
ဖူးမြော်မာန်လျော့ .
ကန်တော့ပါ၏ အရှင်ဘုရား . ။

ကန်တော့ရသော . အကျိုးအားကြောင့် .
အပါယ်လေးပါး . ကပ်သုံးပါး .
ရပ်ပြစ်ရှစ်ပါး . ရန်သူမျိုးငါးပါး .
ဝိပတ္တိတရားလေးပါး .
ဗျသနတရားငါးပါးတို့မှ . အခါခပ်သိမ်း .
ကင်းလွတ်ငြိမ်းသည်ဖြစ်၍ .

မဂ်တရား . ဖိုလ်တရား .
နိဗ္ဗာန် တရားတော်မြတ်ကို .
ရပါလို၏ အရှင်ဘုရား။

(အဲဒီနောက် ဘုန်းကြီး ဆုပေး)

**အာမ ဘန္တေပါ အရှင်ဘုရား။**



## အဓိပ္ပာယ်အကျဉ်း

ခွင့်ပြုပါ၊ ကိုယ်နှုတ်နှလုံး (သုံးမျိုးနဲ့ ပြစ်မှားမိတဲ့) အပြစ်အားလုံး ပပျောက်စေရန် သုံးကြိမ် တိုင်တိုင် အရိုအသေ လက်အုပ်ချီမိုး ကန်တော့ပါတယ်။

ကန်တော့ခြင်းရဲ့ အကျိုးအနေနဲ့ အပါယ်လေးပါး (စသည်)မှ ကင်းလွတ်ပြီး မဂ်ဖိုလ် နိဗ္ဗာန်ကို ရပါစေ။

## ခက်ဆစ်အဓိပ္ပာယ်

ဩကာသ = ခွင့်ပြုပါ၊ ခွင့်လွှတ်ပါ။
ကာယကံ = ကိုယ်နဲ့ ပြုမိတာ၊ ဝစီကံ = နှုတ်နဲ့ ပြောမိတာ၊ မနောကံ = စိတ်နဲ့ ကြံမိတာ။
သဗ္ဗဒေါသ = (ပြုပြောကြံကြောင့် ဖြစ်တဲ့) အပြစ်အားလုံး
ပထမ = တစ်ကြိမ်မြောက်၊ ဒုတိယ = နှစ်ကြိမ်မြောက်
တတိယ = သုံးကြိမ်မြောက်
အကျိုးအားကြောင့် = အကျိုးတရား အနေနဲ့ (ကန်တော့ခြင်းဆိုတဲ့ အလုပ်ကြောင့် ရရှိမယ့် အကျိုးအနေနဲ့)

## အပါယ်လေးပါး

ဆိုရွားပြီး ချမ်းသာမှု မရှိတဲ့ ဘုံဌာန လေးမျိုး။
၁) ငရဲ ၂) တိရစ္ဆာန် ၃) ပြိတ္တာ ၄) အသူရကာယ်

## ကပ်သုံးပါး

သတ္ထန္တရကပ် = ချူကလီယာစတဲ့ လက်နက်ဘေး
ရောဂန္တရကပ် = အိဗိုလာ AIDS စတဲ့ ရောဂါဘေး
ဒုဗ္ဘိက္ခန္တရကပ် = ငတ်မွတ်ခေါင်းပါးတဲ့ ဘေး

## ရပ်ပြစ်ရှစ်ပါး

တရားကျင့်ခွင့် မရတဲ့ အရပ်နဲ့ အခြေအနေ ရှစ်မျိုး။
၁) ဗုဒ္ဓသာသနာ ပွင့်ထွန်းချိန် ငရဲမှာ ဖြစ်ခြင်း
၂) တိရစ္ဆာန်ဘုံမှာ ဖြစ်ခြင်း ၃) ပြိတ္တာဘုံမှာ ဖြစ်ခြင်း
၄) အသညသတ်ဘုံ၊ အရူပဘုံမှာ ဖြစ်ခြင်း
၅) သာသနာ မရှိတဲ့အရပ် (ပစ္စန္တ)မှာ ဖြစ်ခြင်း
၆) အယူဝါဒ မှားခြင်း ၇) လူစဉ် မမီခြင်း
၈) လူစဉ် မီပေမယ့် ဘုရား မပွင့်တဲ့ ကမ္ဘာမှာ ဖြစ်ခြင်း
(အသုရကာယ်ကို သီခြားယူပြီး ၉-ပါးလည်း ရှိ။)



## အမျှဝေ

ဤသို့ပြုရ မြတ်ပုညကို ကြီးထမြင့်ခေါင်
မြင်းမိုရ်တောင်ဦး မကကျူးသား ကျေးဇူးအရှင်
မွေးမိခင်နှင့် ဘခင်တို့အား ရငြားပါစေ ပေးငှဝေ၏။
မသွေနိစ္စ ဤကာယကို စောင့်ထပေတတ်
ကိုယ်စောင့်နတ်လည်း မလပ်စေရ ပေးဝေငှ၏။
မိတ္တဆွေညာ ဆရာသမား ဘိုးဘွားကစ ယမရာဇာ
ဒေဝါယက္ခ ကုန္ဒဘုမ္မာ အာကာသနတ် အထူးမှတ်၍
အမြတ်ပုည ကုသလကို ရကြပါစေ ပေးငှဝေ၏။
သဗ္ဗေသတ္တာ သတ္တဝါဟု နာနာလောက အနန္တတွင်
မပြတ်စဉ်ကာ သတ္တာဝါသ ဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိ
တည်ရှိခုနစ်ပါး များစွာလုံးစုံ ဘုံသုံးဆယ့် ဖြစ်ဖြစ်
သမျှ ဝေနေယျတို့ ရကြပါစေ ပေးငှဝေ၏။
ဝသုန္ဓြေ ဤမြေပံသု သိလာထုလည်း
သက်သေအမှု တည်စေသော်။
အားလုံး ကြားကြားသမျှ
အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။
သာဓု သာဓု သာဓု

## ခက်ဆစ်အဓိပ္ပာယ်

မသွေနိစ္စ = အမြဲမပြတ်၊ မိတ္တ = မိတ်ဆွေ
ဆွေညာ = ဆွေမျိုး၊ ယမရာဇာ = ယမမင်း
ဒေဝါ = နတ်၊ ယက္ခ = ဘီလူး၊ ကုန္ဒ = သိကြား
ဘုမ္မာ = ကမ္ဘာမြေမှာ နေတဲ့ နတ် (ဘုမ္မစိုး၊ ရုက္ခစိုး)
အာကာသနတ် = အာကာသမှာ နေတဲ့ နတ်
သဗ္ဗေသတ္တာ = သတ္တဝါ အားလုံး
နာနာလောက = ဘဝ အမျိုးမျိုး
သတ္တာဝါသ = သတ္တဝါတို့ရဲ့ နေရာ၊ ဘုံကိုးဝ = ဘုံ ၉ မျိုး
ဝိညာဏဋ္ဌိတိ = ပဋိသန္ဓေ ဝိညာဏ် ဖြစ်ရာဌာန
ဝသုန္ဓြေ = ပံသု = သိလာ = မြေကြီး

-------------

U Kelasa
254 N Wickiup Road
Apache Junction, AZ 85119
Tel; (480-288-0789

## ရန်သူမျိုးငါးပါး

၁) ရေ ၂) မီး ၃) မင်းဆိုး ၄) ခိုးသူ ၅) အမွေခံဆိုး

## ဝိပတ္တိတရားလေးပါး

ဒီလေးမျိုးနဲ့ ကြုံနေရင် ကုသိုလ် အကျိုးပေးခွင့် မသာ။

၁) ကာလဝိပတ္တိ = ယုတ်မာသူတို့ အုပ်စိုးခြင်း

၂) ဂတိဝိပတ္တိ = အပါယ်လေးဘုံမှာ ဖြစ်နေခြင်း

၃) ဥပဓိဝိပတ္တိ = ရုပ်ဆင်းအင်္ဂါ ချို့ယွင်းခြင်း

၄) ပယောဂဝိပတ္တိ = အသိပညာ သတိဝီရိယ မရှိခြင်း

## ဗျသနတရားငါးပါး

ပျက်စီးခြင်း ငါးမျိုး။ ၁) ဉာတိဗျသန = ဆွေမျိုးတွေ ပျက်စီးခြင်း ၂) ဘောဂဗျသန = ရှိပြီး စည်းစိမ်ဥစ္စာ ပျက်စီးခြင်း ၃) ရောဂဗျသန = ရောဂါကြောင့် ပျက်စီးခြင်း ၄) ဒိဋ္ဌိ = အယူမှားကြောင့် ပျက်စီးခြင်း ၅) သီလ = ကိုယ်ကျင့်တရား ပျက်စီးခြင်း

## မဂ်တရား

သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်ဆိုတဲ့ မဂ်လေးပါး တရား။

## ဖိုလ်တရား

သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ် အနာဂါမိမဖိုလ် အရဟတ္တဖိုလ်ဆိုတဲ့ ဖိုလ်လေးပါး တရား။

**မှတ်ချက်**။ ။ ဩကာသဟာ တစ်မူတည်းပဲ ဖြစ်သင့်တယ်။ ဖော်ပြထားတဲ့မူက အဓိပ္ပာယ် ပြည့်စုံပြီး အများသုံး မူဟောင်း ဖြစ်လို့ ရှေးဆရာမြတ်များကို လေးစားတဲ့ အနေနဲ့ ဒီမူကိုပဲ နှုတ်တက်ဆောင်ပါ။ ဩကာသကို မူသစ် မထွင်သင့်ပါဘူး။

--------------

## သရဏဂုံနဲ့ ငါးပါးသီလတောင်း

**အဟံ ဘန္တေ . တိသရဏေန သဟ .**
**ပဉ္စသီလံ . ဓမ္မံ ယာစာမိ . ၊**
**အနုဂ္ဂဟံ ကတွာ . သီလံ ဒေထ . မေ ဘန္တေ။**



အရှင်ဘုရား၊ တပည့်တော်အား ချီးမြှောက်သောအားဖြင့် သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ပေးတော်မူပါ ဘုရား။

**ဒုတိယမ္ပိ ..** (နှစ်ကြိမ်မြောက်လည်း ..)
**တတိယမ္ပိ ..** (သုံးကြိမ်မြောက်လည်း ..)

ယမဟံ ဝဒါမိ၊ တံ ဝဒေထ။
ဘုန်းကြီး ဆိုတိုင်း လိုက်ဆိုပါ (ဘုန်းကြီး ဆိုရန်)။

**အာမ ဘန္တေပါ အရှင်ဘုရား။**

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

(ဘုန်းကြီး ပြီးတဲ့အခါ သုံးကြိမ် ဆိုရန်။)

အရဟတော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ ငါးတန်ဉေယျ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် သယမ္ဘူ ဉာဏ်စွမ်းဖြင့် ခွဲခြမ်းမိမိ သိတော်မူသော။ တဿ ဘဂဝတော၊ ထိုဘုန်းတော်သခင် ရှင်တော်မြတ် ဘုရားအား။ နမော၊ ရှိခိုးပါ၏။

## သရဏဂုံဆောက်တည်

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။** ဘုရားကို ကိုးကွယ်ပါ၏။
**ဓမ္မံ သရဏံ ဂစ္ဆာမိ။** တရားကို ကိုးကွယ်ပါ၏။
**သံဃံ သရဏံ ဂစ္ဆာမိ။** သံဃာကို ကိုးကွယ်ပါ၏။
**ဒုတိယမ္ပိ ..** (နှစ်ကြိမ်မြောက်လည်း ..)
**တတိယမ္ပိ ..** (သုံးကြိမ်မြောက်လည်း ..)

သရဏဂမနံ ပရိပုဏ္ဏံ။
သရဏဂုံ ပြည့်စုံပြီ (ဘုန်းကြီး ဆိုရန်။)

**အာမ ဘန္တေပါ အရှင်ဘုရား။**

## ငါးပါးသီလ

**၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။**
သက်ရှိအားလုံးကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။



**၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။**
သူတစ်ပါး ပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။

**၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။**
သူတစ်ပါး၏ ဇနီး ခင်ပွန်းနှင့် ဖောက်ပြန်ခြင်းမှ ရှောင်ကြဉ်ပါ၏။

**၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။**
လိမ်ညာ ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

**၅။ သုရာ မေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။**
သေရည် အရက် မူယစ်ဆေးဝါး သုံးစွဲခြင်းမှ ရှောင်ကြဉ်ပါ၏။

တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။
သရဏဂုံ သုံးပါးနှင့် ငါးပါးသီလကို မပေါ့ဆဘဲ ကောင်းစွာ ဆောက်တည်ကြပါ (ဘုန်းကြီး ဆိုရန်။)

**အာမ ဘန္တေပါ အရှင်ဘုရား။**

## အသံထွက် သတိပြု

ပါဏာ **တိ** ပါ**တာ** (မှန်)၊ ပါဏာ **ဒိ** ပါ**ဒါ** (မှား)။
**ဝေရ** မဏီ (မှန်)၊ **ဝေရာ** မဏီ (မှား)။
(ဝေရမဏီ ကို ဝေရ–မဏီ လို့ ခွဲဖတ်။)
အ ဒိန် **နာ** ဒါ နာ (မှန်)၊ အ ဒိန် **န** ဒါနာ (မှား)။
**မု**သာ ဝါဒါ (မှန်)၊ **မူ**သာ ဝါဒါ (မှား)။
**သုရာ** မေ ရယ (မှန်) **သူရာ** မေရိယ (မှား)။
ပမာ**ဒ** ဋ္ဌာနာ (မှန်) ပမာ**န** ဋ္ဌာနာ (မှား)
အာမ **ဘန်**တေ (မှန်)၊ အာမ **ဘန်း**ဒေ (မှား)။

**ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။**
တပည့်တော်၏ ကုသိုလ်ကောင်းမှုသည် နိဗ္ဗာန်၏ အထောက်အပံ့ ဖြစ်ပါစေသတည်း။

--------------